# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းများနှင့် ဆက်စပ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

COVID-19 ရောဂါကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးလုပ်ငန်းများအား အတိုင်းအတာတစ်ရပ်အထိ ဆောင်ရွက်နိုင်ပြီဖြစ်ခြင်းကြောင့် ရုံးများအလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းများနှင့်ဆက်စပ်လုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းကို အောက်ပါအစီအစဉ်များအတိုင်း(၄.၈.၂၀၂၀)ရက်နေ့မှစတင်၍ ဆောင်ရွက်မည်ဖြစ်ပါသည်-

| စဉ် | ရုံးအမည် | ဖွင့်လှစ်မည့်လုပ်ငန်းများ |
|---|---|---|
| (က) | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများအားလုံး | “ခ”ယာဉ်မောင်းလိုင်စင် ဖြေဆိုမည့်သူများသည် အခြားလိုင်စင်ဖြေဆိုမည့်သူများထက် လူဦးရေပိုမိုများပြားသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးရက်တိုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ယာဉ်မောင်းစစ်ဆေးဖြေဆိုခြင်းများတွင် လူစုလူဝေးများကြီးမားစွာဖြစ်ပေါ်နိုင်ခြင်းကြောင့် “ခ” ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုခွင့်ပြုခြင်းမှလွဲ၍ ကျန်ယာဉ်မောင်းလိုင်စင်အမျိုးအစားများအားလုံးကို Online Booking ရယူပြီး ဖြေဆိုခွင့်ပြုခြင်း။ |
| ( ခ ) | မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး လက်အောက်ခံရုံးများဖြစ်သော ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) | “က”ယာဉ်မောင်းလိုင်စင်နှင့်“ခ”ယာဉ်မောင်းလိုင်စင်ဖြေဆိုမည့်သူများသည် အခြားလိုင်စင်ဖြေဆိုမည့်သူများထက် လူဦးရေပိုမိုများပြားသဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးရက်တိုသင်တန်းများဖွင့်လှစ်ခြင်း၊ယာဉ်မောင်းစစ်ဆေးဖြေဆိုခြင်းများတွင် လူစုလူဝေးများကြီးမားစွာဖြစ်ပေါ်နိုင်ခြင်းကြောင့်“က”ယာဉ်မောင်းလိုင်စင်နှင့်“ခ”ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုခွင့်ပြုခြင်းမှလွဲ၍ ကျန်ယာဉ်မောင်းလိုင်စင်အမျိုးအစားများအားလုံးကို ဖြေဆိုခွင့်ပြုခြင်း။ |
| ( ဂ ) | နေပြည်တော်ရုံးနှင့် ကျန်တိုင်းဒေသကြီး၊ပြည်နယ်၊ ခရိုင်ရုံးများအားလုံး | ယာဉ်မောင်းလိုင်စင်အမျိုးအစားများအားလုံး ဖြေဆိုခွင့်ပြုခြင်း။ |

**မှတ်ချက်။** COVID-19 ရောဂါမပြန့်ပွားစေရေးအတွက် လုပ်ငန်းပမာဏနှင့် လာရောက်ဆောင်ရွက်သူအင်အားမျှတ၍ နိုင်နင်းစွာထိန်းချုပ်ဆောင်ရွက်နိုင်သည့်အချိန်၌ ခေတ္တရပ်ဆိုင်းထားသော “က” ယာဉ်မောင်းလိုင်စင်နှင့် “ခ”ယာဉ်မောင်းလိုင်စင်အသစ်ဖြေဆိုခြင်းများအား ပြန်လည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**